## လျှပ်စစ်သုံးယာဉ်များ၊ ဆက်စပ်ပစ္စည်းများနှင့် အပိုပစ္စည်းများအား တင်သွင်းလာရာတွင် ရှင်းလင်းထုတ်ယူရန်အတွက် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အကျဉ်း

❖ ကုန်ပစ္စည်းတင်သွင်းသူမှ အောက်ပါအတိုင်း ဆောင်ရွက်ရပါမည် -

(၁) လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းမှုနှင့်ပတ်သက်၍ အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက် ရရှိပြီး ဖြစ်ရမည်။

(၂) ကုန်သွယ်ရေးဦးစီးဌာန၏ သွင်းကုန်လိုင်စင် ရရှိပြီး ဖြစ်ရမည်။

(၃) သွင်းကုန်ကြေညာလွှာတင်သွင်းရာတွင် MACCS System ကို အသုံးပြု၍ တင်သွင်းရမည်။

(၄) MACCS System အသုံးပြုနိုင်ခြင်း မရှိသောနေရာဖြစ်ပါက Manual စနစ်ဖြင့် ဆောင်ရွက်ရမည်။

(၅) သွင်းကုန်ကြေညာလွှာနှင့်အတူ သွင်းကုန်လိုင်စင်၊ကုန်တန်ဖိုးစာရင်း (Invoice)၊ ကုန်ထုပ်ပိုးစာရင်း (Packing List) ၊ ကုန်တင်တန်ဆာ (Bill of Lading) နှင့် အခြားလိုအပ်သည့် ကုန်သွယ်မှုဆိုင်ရာ စာရွက်စာတမ်းများ ပူးတွဲ၍ တင်ပြရမည်။

(၆) လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းရာတွင် အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များနှင့်ပတ်သက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာများနှင့်အညီ ဆောင်ရွက်ရမည်။

(၇) အခွန်အခများ ပေးဆောင်ရန်အတွက် Deposit ဖြင့်လည်းကောင်း၊ P.O Cheque (Payment Order) (သို့မဟုတ်) Online Payment ဖြင့်လည်းကောင်း ပေးဆောင်နိုင်ရေး ဆောင်ရွက်ထားရမည်။

## လျှပ်စစ်သုံးယာဉ်များ၊ ဆက်စပ်ပစ္စည်းများနှင့်အပိုပစ္စည်းများအား သွင်းကုန်လိုင်စင်မရမီ အကောက်ခွန်ကုန်လှောင်ရုံအတွင်း ထည့်သွင်းရာတွင် လိုက်နာဆောင်ရွက်ရမည့် အချက်များ

❖ Bonded Warehouse တွင် ထည့်သွင်းခွင့် လျှောက်ထားမည်ဆိုပါက အောက်ပါအတိုင်း ဆောင်ရွက်ရပါမည် -

(၁) ဦးဆောင်ကော်မတီ၏ တင်သွင်းရန်ခွင့်ပြုချက်နှင့် Bonded Warehouse အတွင်း ထည့်သွင်းခွင့် ခွင့်ပြုချက် ပါရှိရမည်။

(၂) ကုန်တန်ဖိုးစာရင်း (Invoice)၊ ကုန်ထုပ်ပိုးစာရင်း (Packing List) ၊ သက်ဆိုင်ရာ Bonded warehouse Code ပါဝင်သည့် ကုန်တင်တန်ဆာ (Bill of Lading) နှင့် အခြားလိုအပ်သည့် ကုန်သွယ်မှုဆိုင်ရာ စာရွက်စာတမ်းများ ပူးတွဲ၍ တင်ပြရမည်။

(၃) လုပ်ငန်းအပ်နှံသူ ကုမ္ပဏီနှင့် လုပ်ငန်းလက်ခံဆောင်ရွက်မည့် Bonded Warehouse Operator တို့အကြား အကောက်ခွန်ကုန်လှောင်ရုံတွင် ကုန်ပစ္စည်း ထားသိုဝန်ဆောင်မှု တာဝန်ပေးအပ်လက်ခံခြင်း သဘောတူစာချုပ် ပါရှိရမည်။

(၄) ကုန်ပစ္စည်းများ ဆိပ်ကမ်းသို့ မရောက်ရှိမီ ကုမ္ပဏီနှင့် Bonded Warehouse Operator တို့မှ အကောက်ခွန်ကုန်လှောင်ရုံအတွင်း ထည့်သွင်းသိုလှောင်ခွင့်ပြုပါရန် အကောက်ခွန်ဦးစီးဌာနသို့ ကြိုတင်လျှောက်ထားရမည်။

(၅) ကုန်သွယ်ရေးဦးစီးဌာန၏ ၃၀-၁၁-၂၀၂၄ ရက်စွဲပါ ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သည့် သတင်းလွှာ (၇/၂၀၂၄) အရ EV မော်တော်ယာဉ် တင်သွင်းသူများသည် အောက်ပါသတ်မှတ်ချက်အတိုင်း တင်သွင်းရမည် -

(က) Battery Capacity - ≤ 75 kWh

(ခ) Motor Capacity - ≤ 300 kw

(ဂ) Driving Range - ≤ 500 km

(ဃ) Price - USD 25000 နှင့် အောက်

(င) Option - High-end EV မဖြစ်ရ

(၆) အထက်ဖော်ပြပါ အချက်များနှင့် ကိုက်ညီပါက ယခင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၆၈/၂၀၁၉ နှင့် အကောက်ခွန်ဦးစီးဌာန၏ ရုံးတွင်းညွှန်ကြားလွှာအမှတ် ၂၈/၂၀၂၀ တို့နှင့်အညီ စိစစ်၍ Bonded Warehouse ထည့်သွင်းခြင်း ၊ သိုလှောင်ခြင်း ၊ ထုတ်ယူခြင်းတို့ကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။







## လျှပ်စစ်သုံးယာဉ်များ၊ ဆက်စပ်ပစ္စည်းများနှင့် အပိုပစ္စည်းများအား တင်သွင်းလာသည့်အချိန်တွင် ကွဲလွဲချက်များရှိပါက အရေးယူဆောင်ရွက်မှု အခြေအနေ

❖ တင်သွင်းလာသည့်အချိန်တွင် ကွဲလွဲချက်များရှိပါက ယခင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၁၀-၁-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၇ ပါ ဒဏ်ကြေး သတ်မှတ်ချက်များအတိုင်း အရေးယူဆောင်ရွက်မည် ဖြစ်ပါသည် -

| စဉ် | ပြစ်မှု | ပြစ်ဒဏ် (ယာဉ်) | ပြစ်ဒဏ် (ဆက်စပ်ပစ္စည်းများ) |
|---|---|---|---|
| ၁ | Main Brand ကွဲလွဲခြင်း | ပြည်သူ့ဘဏ္ဍာ သိမ်းဆည်း | 1/2 AV |
| ၂ | Brand (Not Found) ၊ C/O (Not Found) | ပြည်သူ့ ဘဏ္ဍာ သိမ်းဆည်း | 1 AV |
| ၃ | Sub - Brand ကွဲလွဲခြင်း | 1 AV | ကင်းလွတ် |
| ၄ | Type ကွဲလွဲခြင်း | 1/2 AV | 1/90 AV |
| ၅ | ယာဉ်အမျိုးအစား အုပ်စုကွဲလွဲခြင်း | ပြည်သူ့ ဘဏ္ဍာ သိမ်းဆည်း | - |
| ၆ | စီးပွား/ကူးသန်းမှ ခွင့်ပြုသည့် သတ်မှတ်ဘောင် နှစ်ကာလအောက် (၁)နှစ်နိမ့်ခြင်းနှင့် (၂)နှစ်နှင့်အထက် နိမ့်ခြင်း | ပြည်သူ့ ဘဏ္ဍာ သိမ်းဆည်း | - |

| | | | |
|---|---|---|---|
| | သတ်မှတ်ဘောင် ကာလအတွင်း နှိမ့်ခြင်း | 1/24 AV | - |
| ၇ | စီးပွား/ ကူးသန်းမှု ခွင့်ပြုသည့် သတ်မှတ်ဘောင် နှစ်ကာလအတွင်း မြင့်ခြင်း | 1/48 AV | - |
| | သတ်မှတ်ဘောင် နှစ်ကာလ အထက်မြင့်ခြင်း | 1/24 AV | - |
| ၈ | IL / IP / ID ဖော်ပြချက်များ ပူးတွဲ စာရွက် စာတမ်းပါ အချက်အလက် များ ကွဲလွဲ ကြေညာခြင်း (Mis- Declaration) | | |
| | အခွန် ဘဏ္ဍာငွေထိခိုက် နစ်နာမှုရှိသော ကွဲလွဲမှုများ အတွက် | 1/4 AV | 1/360 AV မှ 1 AV အထိ |
| | အခွန် ဘဏ္ဍာငွေထိခိုက် နစ်နာမှုမရှိသော ကွဲလွဲမှုများ အတွက် | 1/90 AV | |
| ၉ | IL / IP / ID ခွင့်ပြုချက်တွင် မပါရှိခြင်း | ပြည်သူ့ဘဏ္ဍာ သိမ်းဆည်း | ပြည်သူ့ဘဏ္ဍာ သိမ်းဆည်း (သို့) 1 AV |

| | | | |
|---|---|---|---|
| ၁၀ | ကုန်ပစ္စည်း ရောက်ရှိပြီးမှ ကုန်ပါစာရင်းချုပ် ပြင်ဆင်ခြင်း (ALC) | | |
| | 1 day to 15 days | 1/24 AV | 1/360 AV |
| | 16 days to 30 days | 1/12 AV | 1/180 AV |
| | 31 days to 60 days | 1/6 AV | 1/90 AV |
| | (61) days နှင့် အထက် | 1/2 AV | 1/24 AV |

- သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာနှင့် ပူးတွဲစာရွက်စာတမ်းများတွင် Battery Electric Vehicle - BEV ဟု ကြေညာထားပြီး မျက်မြင်စစ်ဆေးချက်အရ အခြားလောင်စာဆီသုံး မော်တော်ယာဉ်များ၊ Hybrid Electric Vehicle-HEV၊ Plug-in Hybrid Electric Vehicle-PHEV များဖြစ်ကြောင်းတွေ့ရှိရပါက ယခင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၇)အရ အရေးယူခံရမည် ဖြစ်ပါသည်။
- ယခင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၉-၆-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၀/၂၀၂၃ ပါ (Valid For Prior Arrival- VPA) လိုင်စင် / ပါမစ် ခွင့်ပြုချက် မရမီ ကုန်ပစ္စည်းရောက်ရှိခြင်းနှင့် ကုန်ပစ္စည်း ရောက်ရှိပြီးမှ လိုင်စင်/ပါမစ် ပြင်ဆင်ချက်ရရှိခြင်းတို့အပေါ် မော်တော်ယာဉ်များအတွက် ဒဏ်ကြေးသတ်မှတ်ချက်များမှာ -

| စဉ် | ပြစ်မှု | ပြစ်ဒဏ် |
|---|---|---|
| ၁ | (1) day to (20) days | ကင်းလွတ် |
| ၂ | (21) days to (30) days | 1/ 24 AV |
| ၃ | (31) days to (40) days | 1/ 4 AV |
| ၄ | (41) days to (50) days | 1/ 2 AV |
| ၅ | (51) days to (60) days | 1 AV |
| ၆ | (61) days နှင့် အထက် | သိမ်းဆည်း |

- အထွေထွေကုန်ပစ္စည်းများအတွက် ဒဏ်ကြေး သတ်မှတ်ချက်များမှာ -

| စဉ် | ပြစ်မှု | ပြစ်ဒဏ် |
|---|---|---|
| ၁ | (1) day to (30) days | ကင်းလွတ် |
| ၂ | (31) days to (40) days | 1/ 90 AV |
| ၃ | (41) days to (50) days | 1/ 48 AV |
| ၄ | (51) days to (60) days | 1/ 24 AV |
| ၅ | (61) days to (70) days | 1/8 AV |
| ၆ | (71) days to (80)Days | 1/4 AV |
| ၇ | (81) days to (90) days | 1 AV |
| ၈ | (91) daysနှင့် အထက် | သိမ်းဆည်း |

- လျှပ်စစ်သုံးယာဉ်များ၊ဆက်စပ်ပစ္စည်းများနှင့် အပိုပစ္စည်းများတင်သွင်းမှုနှင့်ပတ်သက်၍ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည် -

**ကာကွယ်ရေးဌာနခွဲ**
**09-956682694 , 09-5051455**
**ထုတ်/သွင်းဌာနခွဲ**
**09-787810554 , 09-400531545**
**Bonded Warehouse(ရွာသာကြီး)**
**09-444450336 , 09-250483717**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
# အကောက်ခွန်ဦးစီးဌာန

## လျှပ်စစ်သုံးယာဉ်၊ ဆက်စပ်ပစ္စည်းများနှင့် အပိုပစ္စည်းများ တင်သွင်းခြင်းအတွက် အကောက်ခွန်ဆိုင်ရာ သိကောင်းစရာများ

